‘ ဖေါက်ပြန်သူတွေ ပျက်သုဉ်းကြ – ကျဆုံးကြပါ စေ ’
————————————————————————————

★ ဒို့ ဗုဒ္ဓဘာသာ မှာ –
ဘုရား တရား သံဃာ ဆိုတာ
မှီခိုအားထားစရာအဖြစ် ဦးထိပ်တင်
ထာဝစဉ်ကိုးကွယ်စရာအဖြစ် ဆည်းကပ်
အမြတ်ဆုံးသောအရာ –
သုံးပါး ရတနာ – –

★ သံဃာ ဆိုတာ
ရတနာ သုံးပါး
တပါးအပါ ဖြစ်ရှိသာမက
သရဏဂုံ သုံးပါး
တပါးအပါ ဖြစ်တာ
ဗုဒ္ဓဘာသာအစစ်မှန်ရင် သိပါတယ် ။



★ အာဏာရှင်တွေကတော့ –
ရာဇာပလ္လင်သာ ပထမ
ငါ သာလျှင် အဓိက မို့
သံသရာဆိုတာ နောက်ထား
သံဃာဆိုတာလဲ မထောက်ထား
လူရမ်းကားတွေ ပီပီ
သွေးချင်းချင်းနီအောင် ရိုက်နှက်
ရက်ရက်စက်စက် ဖိနှိပ်
အဟိတ်တိရ စ္ဆာန်တွေထက်တောင် ရိုင်းစိုင်း
အတိုင်းမသိ ယုတ်မာ
စက်တင်ဘာရဲ့ နေ့ စွဲတွေ
သွေးကွက်တွေ ပြည့်လျှမ်း
ရွှေဝါ ရောင် သင်္ကန်းတွေရဲ့ အပေါ်မှာ
သွေးစက်တွေ ဖြာ ကျ
မြင်ရသူတိုင်း ကြေကွဲစရာ
သံဃာတွေ သွေးမြေကျ ခဲ့ရပါတယ် ။

★ စစ်တပ် က
ပစ်ခတ်ပြီး သတ်ဖြတ် –
လုံထိန်း က
အကုန်သိမ်းပြီး ရိုက်နှက် –
ကြံ့ ဖွတ် က
မလွတ်ရအောင် ထိုးကြိတ်ဖမ်း –
စွမ်းအားရှင် က
ရမ်းကားချင်သလို ရမ်းကား –
ဒါ လား – နိုင်ငံတော်အေးချမ်းသာယာရေး နဲ့ တရားဥပဒေစိုးမိုးရေး
ပြည်သူတွေရဲ့ သွေးတွေကြား
ဘုရားသားတော်များရဲ့ သွေးတွေလဲ
သွေးစိမ်းရှင်ရှင် ပန်းခဲ့ရ ပါ ပြီ ။





(၂)

★ အစိမ်းပုပ်တွေ က
ဝါးစိမ်းတုတ်တွေ နဲ့
ငုတ်တုတ်ထိုင်နေရှာတာကိုလဲ ရိုက်ခဲ့
ခေါင်းကွဲသွားရတဲ့ သံဃာ – –

★ လုံထိန်းယုတ်တွေ က
နံပတ်တုတ် နဲ့ ဆီးပြီး ရိုက်
မိုက်မိုက်ကန်းကန်း လှမ်းပြီး ကန်
သင်္ကန်းစကို ဆောင့်ရမ်း ဆွဲ
သွေးသံရဲ ရဲ ဖြစ်သွားရတဲ့ ကိုယ်တော် – –

★ ဒိုင်းသံ တုတ်သံ တညံညံအပြင်
မာန်မာန်မဲမဲ ထင်သလို ဆဲ ပြီး
မျက်ရည်ယိုဗုံး မီးလောင်ဗုံးနဲ့
သိမ်းကျုံးပြီး ပစ်ခတ်
ဖိနပ်တွေ ကျန်
မီးခိုးဒဏ်ကြား
ခံလိုက်ရတဲ့ ရဟန်းတော် – –

★ ကျောင်းဝင်းအတွင်းကို
ပြောင်းခင်းအတွင်း နွားဝင်သလို
ထင်သလို ဝင်ရောက်
ကျောင်းအောက်ရော ကျောင်းပေါ်ပါ
အကုန်ရှာ အကုန်ဖမ်း
ကြမ်းကြမ်းတမ်းတမ်း စီးနင်း
အတင်းရိုက် အတင်းဖြို
ဒဏ်ရာအလျှိုအလျှို ရ ခဲ့ရ
အညိုအမဲ စွဲ ခဲ့ရ
သွေးမြေခဲ့ရတဲ့ သံဃာတွေ – –

★ သင်္ကန်းကို အတင်းချွတ်
လူဝတ်လဲပြီး ထောင်ထဲသွင်း
အကျဉ်းစခန်းအတွင်း
ရိုဒေါင် အတွင်း
သမံတလင်းပေါ် ဒီအတိုင်းထား
အရုဏ်ဆွမ်းတောင် မစားရ
ရေတောင် ဝဝ သောက်ခွင့် မရှိ
ဒုက္ခအတိ နဲ့ ကိုယ်တော်တွေ – –
သြော် – ဒင်းတို့ မို့ လုပ်ရက်ကြပလေ
ဒင်းတို့ မို့ လုပ်ဝံ့ကြပလေတယ် ။

( ၃ )

★ သံ ဃာ ကို
ရန် ငါ လို့ ရှု မြင်ပြီး
ဘုန်းကြီး ကို
ဖုံးကြီးလို့ သတ်မှတ်
အညစ်ပတ်ဆုံး ဖြို့ခွင်း
အာဏာပလ္လင်ပေါ်က မဆင်းရရေး
သံဃာ့သွေးလဲ ကျ ချင် ကျ
နအဖ ရဲ့ ရက်စက်ပုံ
တိုင်းလုံးတုန်အောင် မြင်ကြရ
ဗမာ့သမိုင်းသာမက
ကမ္ဘာ့သမိုင်းသာမက
သာသနာ့သမိုင်းမှာပါ မှတ်တမ်းတင်ရမယ် ။

★ ရတနာသုံးပါး ထက်
အာဏာသုံးပါးကိုပဲ ကိုးကွယ်
အပါယ်လားရ မှာလဲ မကြောက်
အဝိစိ သွားရ မှာလဲ မကြောက်
ဘာကိုမှ မထောက်ထား
အာဏာရူး များ ပီ ပီ



ပြည်သူ့ ဆန္ဒလဲ ဂရုမစိုက်
သံဃာ့ ဆန္ဒလဲ ဂရုမစိုက်
အမိုက်ရိုင်းဆုံး ဖေါ်ပြ
နအဖ ဆိုတာ
'နိုင်ငံတော် အကြမ်းဖက် အဖွဲ့ကြီး' ဆိုတာ
တကမ္ဘာလုံးက ထပ်ပြီးမြင်
မျက်ဝါးထင်ထင် တွေ့ကြရ
ကျ ခဲ့ရ တဲ့ သွေးစက်တွေ
တဝေဝေ နီမြန်း
ထေရ် ရဟန်းတို့ ရဲ့ သပိတ်သံ
ဖေါက်ပြန်သူတွေ ပျက်သုဉ်းကြ
ကျ ဆုံး ကြပါ စေ – –

★ ဓမ္မ နဲ့ အဓမ္မ ရဲ့ ဒီ တိုက်ပွဲ
ဓမ္မ ကပဲ အောင်ပွဲခံ
အောင်ပန်းပန်ရ မှာကို ယုံကြည်စွာ
ကဗျာပန်းတစည်းနဲ့ ဆက်သရင်း
ရင်တွင်းကနေ တလှိုက်လှိုက်
ဦးခိုက် ကန်တော့လိုက်ပါ ရဲ့
ပူဇော်ထိုက်တဲ့ အို – အရှင်
သံဃာတော်အရှင် သူ မြတ်တို့ ဘုရား – – ။ ။

( ဝင်းတင့်ထွန်း )
၁၁–၁၀– ၂၀၀၇

( တိုက်ပွဲဝင် အာဇာနည်သံဃာတော် အရှင်မြတ်အပေါင်း သို့ )